**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**တိုင်းရင်းဆေးပညာဦးစီးဌာန**

**ကြော်ငြာစာအမှတ် ( ၈၄ /၂၀၁၉)**

စာအမှတ်၊ တဆပ/ဆဝ/၂၀၁၉ ( ၄၇၀၆ )

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်

အကြောင်းအရာ။ **တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်(အသစ်)ကိစ္စများနှင့်ပတ်သက်၍ လိုအပ်ချက်စာရင်းထုတ်ပြန်ခြင်း**

၁။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ လျှောက်ထားလာသည့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်(အသစ်) ကိစ္စများနှင့်ပတ်သက်၍ သက်ဆိုင်ရာဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များအရ တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်(အသစ်) (၇)စောင်၏ လိုအပ်ချက်စာရင်းကို ပူးတွဲပါအတိုင်း ထုတ်ပြန်ကြော်ငြာလိုက်သည်။

၂။ ဤစာထုတ်ပြန်သည့်နေ့ရက်မှစတင်၍(၃)လ အတွင်းသက်ဆိုင်ရာလိုအပ်ချက်များကို ပေးပို့ဆောင်ရွက်ရန်နှင့် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီအစည်းအဝေး (၃/၂၀၁၉) ဆုံးဖြတ်ချက်အရ **(၆)လအတွင်းပေးပို့ဆောင်ရွက်ခြင်းမပြုပါကပယ်ဖျက်မည်ဖြစ်ပြီး ပယ်ဖျက်ပြီးပါကလိုင်စင်(အသစ်)လျှောက်ထားခြင်းအားပျက်ပြယ်ကြောင်း ကြေညာမည်ဖြစ်ပါကြောင်း** အသိပေးအပ်ပါသည်။

၃။ ဤကြော်ငြာစာအမှတ်ကိုရည်ညွှန်း၍ အခြားလိုအပ်ချက်များနှင့်အတူပိုင်ရှင်(သို့မဟုတ်) ကြီးကြပ်သူမှ လက်မှတ်ရေးထိုး၍ ပြင်ဆင်တင်ပြစာဖြင့် ပြန်လည်ပေးပို့ရမည်ဖြစ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)

(ဒေါက်တာမြင့်မြင့်သန်း၊ အတွင်းရေးမှူး)

ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊ တိုင်းရင်းဆေးပညာဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန

သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများအားလုံး(သက်ဆိုင်ရာလုပ်ငန်းရှင်များသို့ဆက်လက်အကြောင်းကြားရန်နှင့်ဆောင်ရွက်ပြီးစီးမှုအားပြန်လည်တင်ပြရန်ညွှန်ကြားချက်ဖြင့်)

ရုံးလက်ခံ/ မျှောစာတွဲ